# ➤အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်များသို့≺

◆ဤလက်ကမ်းစာစောင်သည် အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်များအတွက် အထူးအရေးကြီးသည့်အရာများကို ရေးသားဖော်ပြထားပါသည်။ အသေးစိတ်ကို အနီးအနားရှိ Hello Workသို့ စုံစမ်းမေးမြန်းပါ။ ထို့ပြင် "အလုပ်ထွက်ထားကြောင်းကဒ်ပြား−2" ၏နောက်ကျောဘက်ကိုပါ ဖတ်ရှုပါ။

**※ထောက်ပံ့မှုလက်ခံရန်လုပ်ထုံးလုပ်နည်းများတွင် ကိုယ်ပိုင်နံပါတ်အတည်ပြုစာရွက်စာတမ်းများ (my number cardစသည်) တို့ လိုအပ်ပါသည်။**

## ① အလုပ်အာမခံမှအလုပ်ရှာဖွေမှုအကျိုးခံစားခွင့်ဆိုသည်မှာ

အလုပ်အာမခံမှအလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်တွင် **အလုပ်အလုပ်လက်မဲ့ပုဂ္ဂိုလ်များသည် တည်ငြိမ်မှုရှိသည့်နေထိုင်မှုဘဝအားဖြတ်သန်းနေရင်း 1 ရက်ပဲဖြစ်ဖြစ်စောလျင်စွာ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်နိုင်ရန်အလို့ငှာ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုကို အထောက်အကူဖြစ်စေရန်အတွက်၏အကျိုးခံစားခွင့်အဖြစ် "အလုပ်ရှာဖွေသူအကျိုးခံစားခွင့်" ရှိပါသည်။** "အလုပ်ရှာဖွေသူအကျိုးခံစားခွင့်" တွင် ပုံမှန်အာမခံထားရှိသူများအတွက် "အခြေခံခံစားခွင့်"၊ သက်ကြီးရွယ်အိုအာမခံထားရှိသူများ ( ※ 1) အတွက် "သက်ကြီးရွယ်အိုအလုပ်ရှာဖွေသူ အကျိုးခံစားခွင့်ငွေ"၊ ကာလတိုအလုပ်အကိုင်အထူးအာမခံထားရှိသူ (※2) "အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေ" စသည်တို့ ရှိပါသည်။

အောက်တွင် ကိုယ်စားပြုအဖြစ်ဆုံး **"အခြေခံခံစားခွင့်" (တစ်နည်းအားဖြင့် အလုပ်လက်မဲ့ခံစားခွင့်)** ကိုအဓိကထား၍ ထိုအကြောင်းအရာနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြသွားပါမည်။

※1　65နှင့်အထက်ရှိသည့်ပုဂ္ဂိုလ်ဖြစ်ပြီး အထူးအာမခံထားရှိသူ နှင့် နေ့စားအလုပ်အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်များ

※2　ရာသီအလိုက်လုပ်ငန်းကာလကိုသတ်မှတ်ပြီးအလုပ်ခန့်အပ်ခြင်းခံရသည့်ပုဂ္ဂိုလ်များ၊ ရာသီအလိုက်အလုပ်ဝင်၊ အလုပ်ထွက်ကြသည့်ပုဂ္ဂိုလ်များ

**အလုပ်လက်မဲ့အခြေအနေဖြစ်ပြီး ချက်ချင်းအလုပ်လုပ်နိုင်သည့်ပုဂ္ဂိုလ်သည် ထောက်ပံ့မှုလက်ခံရရှိရန် အရည်အချင်းပြည့်မီမှုဆုံးဖြတ်ခြင်း အတွက် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။**

↓

**②နှင့်နောက်ပိုင်းကို ကိုးကားပါ**

**နာမကျန်းဖြစ်ခြင်း၊ ကလေးမွေးခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ ကိုယ်ဝန်မဆောင်နိုင်မှုကုသခြင်း၊ ဖျားနာခြင်းစသည်တို့ဖြင့် ချက်ချင်းအလုပ်မလုပ်နိုင်သည့်ပုဂ္ဂိုလ်သည် ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်မှု လျှောက်လွှာတင်ခြင်းကိုလုပ်ဆောင်ပါ**

↓

**စာမျက်နှာ4၏⑩ကို ကိုးကားပါ။**

## ② အလုပ်လက်မဲ့အခြေအနေဖြစ်ပြီး ချက်ချင်းအလုပ်လုပ်နိုင်သည့်ပုဂ္ဂိုလ်ဆိုသည်မှာ

အလုပ်မှထွက်လိုက်ပြီး **"အလုပ်ဝင်ချင်တယ်ဆိုသော တက်ကြွသည့်စိတ်ဆန္ဒ**နှင့် ဘယ်အချိန်မဆို**အလုပ်ဝင်နိုင်သည့်စွမ်းရည် (ကျန်းမာရေးအခြေအနေ၊ မိသားစုပတ်ဝန်းကျင်စသည်)** ရှိပြီး **တက်ကြွစွာဖြင့် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုများကို ပြုလုပ်နေပါသော်လည်း အလုပ်မဝင်နိုင်သောအခြေအနေ**" တွင်ရှိသည့်ပုဂ္ဂိုလ်ကို ဆိုလိုပါသည်။

## ③ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အခြေခံမူအားဖြင့် အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ထောက်ပံ့မှုကိုမရရှိနိုင်ပါ။

အလုပ်ရှာဖွေသူအကျိုးခံစားခွင့် (အခြေခံခံစားခွင့်အပြင်) သည် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခြင်းကိုရည်ရွယ်သည့် ပုဂ္ဂိုလ်များကို ထောက်ပံ့ပေးသည့်စနစ်ဖြစ်ပါသည်။ အခြေခံမူအားဖြင့် အောက်ဖော်ပြပါနှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များသည် ထောက်ပံ့ခြင်းမခံရသော်လည်း ထိုအခြေအနေပေါ်မူတည်၍ ထောက်ပံ့ခြင်းခံရနိုင်သည့် အခြေအနေများလည်းရှိသည့်အတွက်ကြောင့် **Hello Workသို့ ဆွေးနွေးတိုင်ပင်ပါ။**

① အိမ်မှုကိစ္စများတွင်အာရုံစိုက်သည့်ပုဂ္ဂိုလ်
② နေ့ကျောင်းကျောင်းသား သို့မဟုတ် နေ့ကျောင်းကျောင်းသားနှင့်တူညီသည့်အခြေအနေဟု မှတ်ယူနိုင်ခြင်း စသည့် ပညာရေးတွင်အာရုံစိုက်သည့်ပုဂ္ဂိုလ်
③ မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ပြီး အလုပ်မဝင်ရောက်နိုင်ခြင်း
④ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအားစတင်ခြင်း သို့မဟုတ် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းကြိုတင်ပြင်ဆင်ခြင်း တွင် အာရုံစိုက်သည့်ပုဂ္ဂိုလ်
(အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုလုပ်နေစဉ်အတွင်း လုပ်ငန်းတည်ထောင်ရန်ကြိုတင်ပြင်ဆင်ခြင်း၊ စဉ်းစားခြင်းများ ပြုလုပ်နေသည့်ပုဂ္ဂိုလ်သည် ထောက်ပံ့ခြင်းခံရနိုင်သည့်အခြေအနေရှိပါသည်။)
⑤ နောက်အလုပ်ဝင်ရန်ဆုံးဖြတ်ထားသည့်ပုဂ္ဂိုလ်
⑥ အလုပ်အာမခံ၏အာမခံထားရှိသူမဖြစ်နိုင်သည့်အချိန်တိုအလုပ်သာကိုလျှင်လုပ်ရန်ဆန္ဒရှိသည့်ပုဂ္ဂိုလ်
⑦ မိမိ၏အမည်ဖြင့် စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်နေသည့်ပုဂ္ဂိုလ်
⑧ ကုမ္ပဏီအရာထမ်းစသည်အဖြစ် တာဝန်ယူထားသည့်ပုဂ္ဂိုလ်
(တာဝန်ပေးအပ်ရန်လျာထားခြင်းနှင့် အမည်ခံအရာထမ်းများလည်းပါဝင်သည်)
⑨ အမြဲတမ်း သို့မဟုတ် နေ့စား အလုပ်ဝင်နေသည့်ပုဂ္ဂိုလ် (အစမ်းခန့်ကာလပါဝင်သည်)
⑩ part-time၊ အချိန်ပိုင်းအလုပ်လုပ်နေသည့်ပုဂ္ဂိုလ် ( ※တစ်ပတ်စာ၏အလုပ်ချိန်သည်နာရီ20မပြည့်ပါက အလုပ်လုပ်သည့်ရက်၊ ဝင်ငွေပမာဏကို အစီရင်ခံရန်လိုအပ်သော်လည်း အခြားအလုပ်လက်မဲ့ဖြစ်နေသည့်ရက် နှင့်ပတ်သက်၍ အခြေခံခံစားခွင့်ထောက်ပံ့မှုကိုရရှိနိုင်သည့်အခြေအနေများ ရှိပါသည်။)
⑪ တူညီသောအလုပ်ဌာနတွင် အလုပ်ဝင်ခြင်း၊ အလုပ်ထွက်ခြင်းကို ထပ်ခါတလဲလဲလုပ်ဆောင်ပြီး နောက်တစ်ကြိမ် ထိုတူညီသောအလုပ်ဌာနတွင် အလုပ်ဝင်ရန်အစီအစဉ်ရှိသည့်ပုဂ္ဂိုလ်

## ④ အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ရရှိရန်လုပ်ထုံးလုပ်နည်းများဆိုသည်မှာ

အလုပ်အာမခံ၏အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ထောက်ပံ့မှုကိုရရှိရန်အတွက် လူကြီးမင်းတို့၏နေရပ်လိပ်စာကို စီရင်ပိုင်ခွင့်ရှိ Hello Work (စာမျက်နှာ 8 ကို ကိုးကားပါ) သို့ မိမိကိုယ်တိုင် အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်း (စာမျက်နှာ 7 ကိုကိုးကားပါ) စသည့်လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။

တစ်ဖန် အဓိကအနေနှင့်စီရင်စုအတွင်းရှိ အခြားHello Workတွင် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုကိုပြုလုပ်မည့် ပုဂ္ဂိုလ်သည် တိုင်ပင်ဆွေးနွေးပါ။

### ထောက်ပံ့မှုရရှိရန်လုပ်ထုံးလုပ်နည်းအတွက်လိုအပ်သည့်အရာများ

**1. အလုပ်ထွက်ထားကြောင်းကဒ်ပြား-1** **အမည်နှင့်ဘဏ်အကောင့်နံပါတ်စသည်ကို ရေးသွင်းပါ။ (အောက်ပါရေးသွင်းမှုနမူနာကိုကိုးကားပါ)**
**သို့သော် ကိုယ်ပိုင်နံပါတ်ကော်လံကို Hello Workရုံးသို့လာရောက်ပြီးနောက်မှ ကောင်တာတွင် ကာယကံရှင်ကိုယ်တိုင် ရေးသွင်းပါ။**

**2. အလုပ်ထွက်ထားကြောင်းကဒ်ပြား-2**

**3. my number card**

**my number cardမရှိသေးသည့်ပုဂ္ဂိုလ်သည် အောက်ပါ ①ကိုယ်ပိုင်နံပါတ်နှင့် ② ID (အမှန်တကယ်တည်ရှိမှု) အတည်ပြုစာရွက်စာတမ်းများကို ယူဆောင်လာခဲ့ပါ။**

**① ကိုယ်ပိုင်နံပါတ်အတည်ပြုစာရွက်စာတမ်း (အမျိုးအစား 1 ခုခု)**

**ကိုယ်ပိုင်နံပါတ်အကြောင်းအကြားကဒ်၊ ကိုယ်ပိုင်နံပါတ်ရေးသွင်းထားသည့်နေထိုင်ခွင့်ကဒ်(နေထိုင်ခွင့်ကဒ်တွင်ရေးသွင်းထားသည့်အချက်များအတွက်အထောက်အထားလက်မှတ်)**

**② ID (အမှန်တကယ်တည်ရှိမှု) အတည်ပြုစာရွက်စာတမ်းများ ( (1) ထဲမှအမျိုးအစား 1 ခုခု။ (1)၏စာရွက်စာတမ်းများမရှိသည့်ပုဂ္ဂိုလ်များသည် (2)အထဲမှ မတူသည့်အမျိုးအစား 2 မျိုး (မိတ္တူမရပါ) )**

**(1) ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်းမှတ်တမ်းထောက်ခံစာ၊ အစိုးရရုံးမှထုတ်ပေးထားသည့် မှတ်ပုံတင်ကဒ်၊ အရည်အချင်းဖော်ပြချက်လက်မှတ် (ဓာတ်ပုံပါ)စသည်**

**(2) အများပြည်သူဆေးကုသမှုအာမခံ၏အာမခံထားရှိသူကဒ်၊ ကလေးထောက်ပံ့စရိတ်ခံစားခွင့် လက်မှတ် စသည်**

**4. ကာယကံရှင်၏တံဆိပ်တုံး (တရားဝင်အသိအမှတ်ပြုတံဆိပ်တုံးရ၊ Stampတံဆိပ်တုံးမှအပ)**


**5. ဓာတ်ပုံ 2ပုံ (လတ်တလောဓာတ်ပုံ၊ အရှေ့ခန္ဓာကိုယ်အပေါ်ပိုင်း ဒေါင်လိုက် 3.0cm x အလျားလိုက်2.5cm 1 ပုံကို အလုပ်ထွက်ထားကြောင်းကဒ်ပြား-2တွင်ရှိသည့် ဓာတ်ပုံကပ်ရသည့်ကော်လံတွင် ကပ်ပါ)**

**※ ဤလုပ်ထုံးလုပ်နည်းနှင့်ဤသည်နှင့်အဆက်နောက်ပိုင်းပြုလုပ်မည့်ထောက်ပံ့မှုလျှောက်လွှာတစ်ခုစီတိုင်းတွင် my number cardကို တင်ပြသည့်အချိန်တွင် မျက်နှာဓာတ်ပုံကို ချန်လှပ်ထား၍ရနိုင်ပါသည်။**

**6. ကာယကံရှင်နာမည်ပါငွေစုဘဏ်စာအုပ် (ဘဏ္ဍာရေးအဖွဲ့အစည်းအချို့အားချန်လှပ်သည်)**
**သို့သော် ဘဏ္ဍာရေးအဖွဲ့အစည်းရွေးချယ်သတ်မှတ်သည့်အကြောင်းကြားစာတွင် ဘဏ္ဍာရေးအဖွဲ့အစည်း၏တရားဝင်အသိအမှတ်ပြုတံဆိပ်တုံးပါပါက ဘဏ်စာအုပ်သည် မလိုအပ်ပါ။**

**7 . သဘင်္ဘောသားဖြစ်ပါက သင်္ဘောသားအာမခံအလုပ်လက်မဲ့အာမခံကဒ်ပြားနှင့် သင်္ဘောသားမှတ်ပုံတင်ကဒ်**

ဖြည့်သွင်းမှုနမူနာ




◆သင်္ဘောသားဖြစ်သည့်ပုဂ္ဂိုလ်သည် အလုပ်ထွက်ပြီးနောက် ဆက်လက်၍သင်္ဘောသားအလုပ်ကိုလုပ်ဆောင်ရန်ဆန္ဒရှိပါက ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာန၏အလုပ်ရှာဖွေခြင်းလျှောက်ထားမှုလုပ်ထုံးလုပ်နည်းများကို ကျေးဇူးပြု၍လုပ်ဆောင်ပါ။

## ⑤ အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ကိုရရှိရန်အရည်အချင်းဆိုသည်မှာ "အခြေခံခံစားခွင့်ထောက်ပံ့မှုရရှိရန်အရည်အချင်း"

- ◆ အခြေခံမူအားဖြင့် **အလုပ်ထွက်သည့်ရက်မတိုင်မီ ရှေ့2 နှစ်အတွင်းတွင် 12 လနှင့်အထက်** အာမခံထားရှိသူကာလ （※1） ရှိသည်။
- ◆ ဒေဝါလီခံရခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းစသည်တို့ကြောင့် အလုပ်ထွက်ခဲ့ပါက (အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူနှင့်ကိုက်ညီခြင်း)၊ ကာလသတ်မှတ်ချက်ရှိသည့်အလုပ်စာချုပ်ကို သက်တမ်းတိုးမခံရခြင်း၊ အခြားမလွှဲမရှောင်သာအကြောင်းပြချက်များကြောင့် အလုပ်ထွက်ခဲ့ပါက (အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူနှင့်ကိုက်ညီခြင်း) （※2） အလုပ်ထွက်သည့်ရက်မတိုင်မီ ရှေ့1 နှစ်အတွင်းတွင် အာမခံထားရှိသူကာလသည် 6 လ နှင့်အထက်ရှိသည်။

※1 အာမခံထားရှိသူကာလဆိုသည်မှာ အလုပ်အာမခံတွင်အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလအတွင်း အလုပ်ထွက်သည့်ရက်မှစ၍ 1 လစီ ခွဲဝေပိုင်းခြားထားသည့်ကာလ၌ လစာ ပေးချေသည့်အခြေခံရက်အရေအတွက်သည် 11 ရက်နှင့်အထက်ရှိသည့်လကို 1 လကြာဟု တွက်ချက်သည်။ တစ်ဖန် 2020 ခုနှစ် 8 လ 1 ရက် နောက်ပိုင်းတွင် အလုပ်ထွက်ခဲ့ သည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ လစာပေးချေမှုအခြေခံရက်အရေအတွက်သည် 11 ရက်နှင့်အထက်ရှိသည့်လသည် 12 လတာမဟုတ်ခဲ့ပါက လစာပေးချေမှုအခြေခံဖြစ်သည့် အချိန်အရေအတွက်သည် နာရီ 80 နှင့်အထက်ရှိသည့်လကို 1 လအဖြစ် တွက်ချက်မည်။

※2 အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူနှင့်ပတ်သက်၍သည် စာမျက်နှာ 3 ၏ ⑨ ကို ကိုးကားပါ။

***《အလုပ်ထွက်ထားကြောင်းကဒ်ပြားအမြောက်အမြားပိုင်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကာလတိုအလုပ်ထွက်ထားကြောင်းကဒ်ပြားဖြစ်သော်လည်း အားလုံးကိုတင်ပြပါ။》***

★သက်ကြီးရွယ်အိုအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်သို့ထောက်ပံ့သည့် သက်ကြီးရွယ်အိုအလုပ်ရှာဖွေသူအကျိုးခံစားခွင့်ငွေ၊ ကာလတိုအလုပ်အကိုင်အထူးအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်သို့ ထောက်ပံ့သည့်အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေသည် အလုပ်ထွက်သည့်ရက်မတိုင်မီ 1 နှစ်အတွင်းတွင် 6 လနှင့်အထက်အာမခံထားရှိသူကာလရှိရန် လိုအပ်သည်။

## ⑥ 1 ရက်လျှင် အကျိုးခံစားခွင့်ပမာဏ "အခြေခံခံစားခွင့်တစ်ရက်ပမာဏ"

အလုပ်လက်မဲ့ဖြစ်နေသည့်ရက်တွင် ထောက်ပံ့မှုရရှိနိုင်သည့် 1 ရက်၏ငွေပမာဏကို "အခြေခံခံစားခွင့်တစ်ရက်ပမာဏ" ဟုခေါ်ပါသည်။

အခြေခံမူအားဖြင့် အလုပ်ထွက်သည့်ရက်မတိုင်မီ 6 လအလိုတွင် လစဉ်သတ်မှတ်ပေးချေခံရသည့်လစာ၏စုစုပေါင်းကို 180 ဖြင့်စားပြီး တွက်ချက်ထားသည့်ငွေပမာဏ ("လစာတစ်ရက်ပမာဏ" ဟုခေါ်ပါသည်) ၏ ခန့်မှန်းခြေ 50~80 ရာခိုင်နှုန်းဖြစ်ပြီး လစာနိမ့်သည့်ပုဂ္ဂိုလ်သည် အကျိုးခံစားခွင့်နှုန်း မြင့်ပါ မည်။ ထို့နောက် အခြေခံခံစားခွင့်တစ်ရက်ပမာဏတွင် အမြင့်ဆုံးသတ်မှတ်ချက်ပမာဏ၊ အနိမ့်ဆုံးသတ်မှတ်ချက်ပမဏဟူ၍ သတ်မှတ်ထားပါသည်။

**◆ခန့်မှန်းခြေတွက်ပုံတွက်နည်း**

$$\left(\frac{\text{အလုပ်မထွက်မီ6လအလို၏လစာစုစုပေါင်း}}{180}\right) \times \text{(50~80\%) ※}$$

အကျိုးခံစားခွင့်နှုန်း

လစာတစ်ရက်စာပမာဏ = "အခြေခံခံစားခွင့်တစ်ရက်ပမာဏ"

※ 60~64နှစ်ရှိသည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ 45~80%

## ⑦ အခြေခံခံစားခွင့်၏အကျိုးခံစားခွင့်ရက်ပမာဏ "သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်ပမာဏ"

◆ အငြိမ်းစားယူခြင်း၊ စာချုပ်ကာလပြီးဆုံးခြင်းနှင့်

| အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်တွင်ပြည့်ခဲ့သည့်အသက် | 10နှစ်မပြည့်ခြင်း | 10 နှစ်နှင့်အထက် 20 နှစ်မပြည့်ခြင်း | 20 နှစ်နှင့်အထက် |
|---|---|---|---|
| 65 နှစ်မပြည့်ခြင်း | 90 ရက် | 120 ရက် | 150 ရက် |

◆ မသန်စွမ်းသူများစသည့်အလုပ်လုပ်ရန်အခက်အခဲရှိသူများ

| အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်တွင်ပြည့်ခဲ့သည့်အသက် | 1နှစ်မပြည့်ခြင်း | 1နှစ်နှင့်အထက် |
|---|---|---|
| 45 နှစ်မပြည့်ခြင်း | 150 ရက် | 330 ရက် |
| 45နှစ်နှင့်အထက် 65နှစ်မပြည့်ခြင်း | | 360 ရက် |

◆ အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အချို့သောအထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သွားသူများ

| အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်တွင်ပြည့်ခဲ့သည့်အသက် | 1နှစ်မပြည့်ခြင်း | 1နှစ်နှင့်အထက် 5နှစ်မပြည့်ခြင်း | 5နှစ်နှင့်အထက် 10နှစ်မပြည့်ခြင်း | 10နှစ်နှင့်အထက် 20နှစ်မပြည့်ခြင်း | 20နှစ်နှင့်အထက် |
|---|---|---|---|---|---|
| 30 နှစ်မပြည့်ခြင်း | 90 ရက် | 90 ရက် | 120 ရက် | 180 ရက် | — |
| 30နှစ်နှင့်အထက် 35နှစ်မပြည့်ခြင်း | | 120 ရက် | 180 ရက် | 210 ရက် | 240 ရက် |
| 35နှစ်နှင့်အထက် 45နှစ်မပြည့်ခြင်း | | 150 ရက် | | 240 ရက် | 270 ရက် |
| 45နှစ်နှင့်အထက် 60နှစ်မပြည့်ခြင်း | | 180 ရက် | 240 ရက် | 270 ရက် | 330 ရက် |
| 60နှစ်နှင့်အထက် 65နှစ်မပြည့်ခြင်း | | 150 ရက် | 180 ရက် | 210 ရက် | 240 ရက် |

**အောက်ဖော်ပြပါပုဂ္ဂိုလ်ထံသို့ တစ်လုံးတစ်ခဲတည်းငွေအား တစ်ခါတည်းအားလုံးထောက်ပံ့ပါမည်။**

◆ သက်ကြီးရွယ်အိုအာမခံထားရှိသူ (65နှစ်နှင့်အထက်ဖြစ်ပြီးအငြိမ်းစားယူထားသည့်ပုဂ္ဂိုလ်များ)

| အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ | 1နှစ်မပြည့်ခြင်း | 1နှစ်နှင့်အထက် |
|---|---|---|
| သက်ကြီးရွယ်အိုအလုပ်ရှာဖွေသူအကျိုးခံစားခွင့်ငွေပမာဏ | 30 ရက်စာ | 50 ရက်စာ |

◆ ကာလတိုအလုပ်အကိုင်အထူးအာမခံထားရှိသူ (ရာသီဥတုအလိုက်အလုပ်ဝင်ထားသည့်ပုဂ္ဂိုလ်များ)

| | |
|---|---|
| အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေပမာဏ | 40 ရက်စာ |

(ယာယီအစီအမံ)

※ "အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ" တွင် ယခုတစ်ကြိမ်အလုပ်ထွက်ခဲ့သည့်အလုပ်ဌာနမတိုင်မီ၏ အလုပ်အာမခံဝင်ထားသည့်ကာလကို ပေါင်းတွက်နိုင်ပါသည်။ တစ်ဖန် ပေါင်းတွက်ခြင်းတွင် သတ်မှတ်ထားသည့်အခြေအနေများရှိသည့်အတွက်ကြောင့် Hello Workသို့ စုံစမ်းမေးမြန်းပါ။

## ⑧ ထောက်ပံ့မှုစတင်ခြင်းနှင့်ကာလ "စောင့်ဆိုင်းကာလ" "အကျိုးခံစားခွင့်ကန့်သတ်ချက်" "လက်ခံရရှိမည့်ကာလ"

| အလုပ်ထွက်ရခြင်းအကြောင်းပြချက် | အလုပ်မှပယ်ထုတ်ခြင်း၊ အငြိမ်းစားယူခြင်း၊ စာချုပ်ကာလပြီးဆုံးခြင်းတို့ကြောင့်အလုပ်ထွက်ခြင်း | မိမိအခြေအနေအရအလုပ်ထွက်ခြင်း၊ အပြစ်ဒဏ်အရအလုပ်မှထုတ်ပယ်ခြင်းတို့ကြောင့်အလုပ်ထွက်ခြင်း |
|---|---|---|
| ထောက်ပံ့မှုစတင်ခြင်း | အလုပ်ထွက်ထားကြောင်းကဒ်ပြားကို တင်ပြပြီး အလုပ်ရှာဖွေမှုလျှောက်လွှာတင်ပြီးသည့်နောက် 7 ရက်ကြာအလုပ်လက်မဲ့ဖြစ်နေသည့်ရက် (စောင့်ဆိုင်းကာလ) ကျော်လွန်သွားပြီးနောက် | အလုပ်ထွက်ထားကြောင်းကဒ်ပြားကို တင်ပြပြီး အလုပ်ရှာဖွေမှုလျှောက်လွှာတင်ပြီးသည့်နောက် 7 ရက်ကြာ အလုပ်လက်မဲ့ဖြစ်နေသည့်ရက် (စောင့်ဆိုင်းကာလ) + 3 လတာ (အကျိုးခံစားခွင့်ကန့်သတ်ချက်) ကျော်လွန်ပြီးနောက် |
| ထောက်ပံ့မှုရရှိမည့်ကာလ | **အလုပ်ထွက်သည့်နေ့၏နောက်တစ်နေ့မှစ၍1နှစ်တာ**<br>1 နှစ်တာအတွင်းတွင် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်ကို ကန့်သတ်ချက်အနေဖြင့် ထောက်ပံ့ပါမည်။ **ထောက်ပံ့မှုရရှိမည့်ကာလကိုကျော်လွန်သွားပါက အကျိုးခံစားခွင့်ရက်အရေအတွက်သည်ကျန်ရှိနေပါသော်လည်း ထောက်ပံ့ခြင်းခံရမည်မဟုတ်ပါ။** (စောလျင်စွာလုပ်ထုံးလုပ်နည်းများကိုလုပ်ဆောင်ပါ) | |

**※ အခြေခံခံစားခွင့်ကိုရရှိရန်အတွက် အခြေခံမူအားဖြင့် 4 ပတ်ကြာတွင် 1 ကြိမ် ထောက်ခံချက်ပေးသည့်ရက်တွင် အလုပ်လက်မဲ့ဖြစ်ကြောင်းထောက်ခံချက်ပေးခြင်းကိုရရှိရန် လိုအပ်အပ်ပါသည်။**

★ သက်ကြီးရွယ်အိုအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်ကို ထောက်ပံ့သည့် သက်ကြီးရွယ်အိုအလုပ်ရှာဖွေသူအကျိုးခံစားခွင့်ငွေအတွက် ထောက်ပံ့မှုရရှိမည့်ကာလ (ထောက်ပံ့မှုကိုရရှိနိုင်သည့်ကာလ) သည် အလုပ်ထွက်သည့်ရက်၏နောက်တစ်ရက်မှစ၍ 1 နှစ်ကိုကျော်လွန်သည့်ရက်၊ ကာလတိုအလုပ်အကိုင်အထူးအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်ကို ထောက်ပံ့မည့် အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေပမာဏအတွက် ထောက်ပံ့မှုရရှိရန်ကာလသည် အလုပ်ထွက်သည့်ရက်၏နောက်တစ်ရက်မှစ၍ 6 လတာကို ကျော်လွန်သွားသည့်ရက်ဖြစ်ပါသည်။

## ⑨ အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူဆိုသည်မှာ

◆"အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ" "အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူ" ဆိုသည်မှာ

**အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ**ဆိုသည်မှာ ဒေဝါလီခံရခြင်း၊ အလုပ်မှထုတ်ပယ်ခံရခြင်းစသည့်အကြောင်းပြချက်ကြောင့် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ရန်ကြိုတင် ပြင်ဆင်ချိန်မရဘဲ အလုပ်ထွက်ရန်အတင်းအကျပ်စေခိုင်းခြင်းခံရသူဖြစ်ပြီး၊ **အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူ**ဆိုသည်မှာ အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူမှတစ်ပါး ဖြစ်ပြီး ကာလသတ်မှတ်ထားသည့်အလုပ်စာချုပ်သည် သက်တမ်းတိုးခြင်းမခံရခြင်း၊ အခြားမလွှဲမရှောင်သာအကြောင်းပြချက်များကြောင့် အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းတို့အသီးသီးနှင့်ကိုက်ညီသူများဖြစ်ရန် အတိုင်းအတာများ သတ်မှတ်ထားပါသည်။

◆"အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ" "အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူ" နှင့်ကိုက်ညီမှုရှိမရှိဆုံးဖြတ်ခြင်း

အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူနှင့်ကိုက်ညီမှုရှိမရှိဆုံးဖြတ်ခြင်းကို အလုပ်ထွက်ရသည့်အကြောင်းရင်းအပေါ်မူတည်၍ Hello Work မှ ဆောင်ရွက်ပါသည်။ အလုပ်ထွက်ခဲ့သည့်အကြောင်းပြချက်အတွက်ဆုံးဖြတ်ရာတွင် အလုပ်ရှင်မှပြောဆိုထားသည့်အလုပ်ထွက်ခဲ့သည့်အကြောင်းပြချက်နှင့် အလုပ်ထွက်ခဲ့သူမှ အခိုင် အမာပြောဆိုသောအလုပ်ထွက်ခဲ့သည့်အကြောင်းပြချက်တို့ကို သေချာနားလည်သိမြင်အောင်လုပ်ပြီး ၎င်းတို့နှစ်ဖက်အသီးသီးမှပြောဆိုချက်များကို အတည်ပြုနိုင်သည့်စာရွက်စာတမ်းများ ဖြင့် အမှန်တရားကိုအတည်ပြုစစ်ဆေးပြီးသည့်နောက်တွင် နောက်ဆုံးအနေဖြင့် Hello Workမှ အလေးအနက်ထား ဆုံးဖြတ်ခြင်းပြုပါသည်။

အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူနှင့် အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူတို့အတွက် အတိုင်းအတာနှင့်ဆုံးဖြတ်သည့်စံချိန်စံနှုန်းနှင့်ပတ်သက်၍ Hello Workသို့ စုံစမ်းမေးမြန်းပါ။ ထို့နောက် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ Home pageတွင် လက်ကမ်းစာစောင်ကို တင်ထားပါသည်။

https://www.mhlw.go.jp/stf/seisakunitsuite/bunya/0000135026.html

※ သက်တမ်းရှိစာချုပ်ကို ထပ်မံ၍သက်တမ်းတိုးထားသည့်ပုဂ္ဂိုလ် (စာချုပ်ကာလသည် စုစုပေါင်း3နှစ်မပြည့်ခြင်း) ဖြစ်ပြီး စာချုပ်ကာလသည် ကာလတိုဖြစ်ခြင်းစသည့်အလုပ်အကိုင်အခြေအနေနိမ့်ပါးခြင်းများရှိပြီး တစ်ဖန်ကာယကံရှင်သည် စာချုပ်သက်တမ်းတိုးခြင်းကို ဆန္ဒရှိခဲ့ပါသော်လည်း သက်တမ်းတိုးခြင်းမရှိသောစာပိုဒ်သည်ပူးတွဲပါနေပါက အထူးအကြောင်းပြချက်ကြောင့်အလုပ်ထွက်ခဲ့သူအနေဖြင့် ကိုက်ညီမှုရှိသည့် အခြေအနေမျိုးရှိပါသည်။

## ⑩ ချက်ချင်းအလုပ်မလုပ်နိုင်သည့်ပုဂ္ဂိုလ်ဆိုသည်မှာ…65နှစ်မပြည့်ဘဲအငြိမ်းစားယူခဲ့ပါက "ထောက်ပံ့မှုရရှိရန်ကာလတိုးမြှင့်ခြင်း"

အလုပ်ထွက်ပြီးနောက် အခြေခံခံစားခွင့် ထောက်ပံ့မှုရရှိမည့်ကာလ 1 နှစ်အတွင်းတွင် အောက်ဖော်ပြပါအကြောင်းပြချက်ဖြင့် အလုပ်မလုပ်နိုင်သည့်အခြေအနေသည် ရက် 30 နှင့်အထက်ဆက်တိုက်ဖြစ်နေပါက ထောက်ပံ့မှုရရှိရန်ကာလကို တိုးမြှင့်နိုင်ပါသည်။

ထို့နောက် ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်လက်ခံရယူရန်ဆန္ဒရှိသည့်ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ လေ့ကျင့်မှုခံယူနိုင်သည့်ကာလကိုလည်း တိုးမြှင့်နိုင်ပါသည်။

① နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်းတို့ကြောင့်အလုပ်မလုပ်နိုင်ခြင်း (ကျန်းမာရေးအာမခံမှ ဖျားနာခြင်းနှင့်ဒဏ်ရာရခြင်းခံစားခွင့်၊ အလုပ်သမားမတော်တဆထိခိုက်မှုအာမခံမှ အလုပ်နားရခြင်းလျော်ကြေးကို ထောက်ပံ့မှုရရှိနေစဉ် အခြေအနေပါဝင်သည်)

② ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း (3နှစ်မပြည့်ရန်ကန့်သတ်ထားသည်) စသည်တို့ကြောင့် အလုပ်မလုပ်နိုင်ခြင်း (ကိုယ်ဝန်မဆောင်နိုင်မှု ကုသခြင်းပါဝင်သည်)


③ ဆွေမျိုးများ၏နာမကျန်းပြုစုစောင့်ရှောက်မှုအတွက် အလုပ်မလုပ်နိုင်ခြင်း

④ 60 နှစ်နှင့်အထက်သက်ပြည့်အငြိမ်းစားယူခြင်းစသည်တို့ကြောင့် အလုပ်ထွက်ပြီး ခဏတာအနားယူနေခြင်း (သဘော်သားဖြစ်ပါက အသက်လိုအပ်ချက် ကွာခြားမှုရှိပါသည်)

### ထောက်ပံ့မှုရရှိရန်ကာလတိုးမြှင့်မှုလျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းများ

| | | |
|---|---|---|
| တိုးမြှင့်ရခြင်းအကြောင်းပြချက် | နာမကျန်းဖြစ်ခြင်းနှင့်ဒဏ်ရာရခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ဆွေမျိုးများကိုနာမကျန်းပြုစုစောင့်ရှောက်ခြင်းစသည် | 60 နှစ်နှင့်အထက်သက်ပြည့်အငြိမ်းစားယူခြင်းစသည် |
| လျှောက်လွှာကာလ | အလုပ်ထွက်သည့်ရက် (အလုပ်မလုပ်နိုင်တော့သည့်ရက်) ၏နောက်တစ်ရက်မှစ၍ ရက် 30 ကျော်ပြီးနောက် စောစီးစွာ လျှောက်လွှာတင်ရမည်မှာ အခြေခံမူဖြစ်သော်လည်း တိုးမြှင့်ပြီးနောက်ရှိ ထောက်ပံ့မှုရရှိမည့်ကာလ၏နောက်ဆုံးရက်မတိုင်မီအတွင်းဖြစ်ပါက လျှောက်ထား၍ရနိုင် | အလုပ်ထွက်သည့်ရက်၏နောက်တစ်ရက်မှစ၍ 2 လတာအတွင်း |
| တိုးမြှင့်ကာလ | (မူလထောက်ပံ့မှုရရှိမည့်ကာလ) 1နှစ် + **(အလုပ်မလုပ်နိုင်တော့သည့်ကာလ) အရှည်ဆုံး 3နှစ်တာ** | (မူလထောက်ပံ့မှုရရှိမည့်ကာလ) 1နှစ် + **(အနားယူချင်သည့်ကာလ) အရှည်ဆုံး 3နှစ်တာ** |
| တင်ပြရမည့်စာရွက်စာတမ်းများ | ထောက်ပံ့မှုရရှိမည့်ကာလတိုးမြှင့်မှုလျှောက်လွှာ၊ အလုပ်ထွက်ထားကြောင်းကဒ်ပြား-2၊ ကာယကံရှင်၏တံဆိပ်တုံး (တရားဝင်အသိအမှတ်ပြုတံဆိပ်တုံးရ၊ Stampတံဆိပ်မှအပ) | |
| | တိုးမြှင့်ရခြင်းအကြောင်းပြချက်ကိုသက်သေပြနိုင်သည့်စာရွက်စာတမ်းများ | |
| တင်ပြရမည့်နည်းလမ်း | ကာယကံရှင်ကိုယ်တိုင်ရုံးသို့လာရောက်ခြင်း၊ စာတိုက်မှပေးပို့ခြင်း၊ ကိုယ်စားလှယ် (ကိုယ်စားလှယ်လွှဲစာလိုအပ်ပါသည်) | အခြေခံမူအားဖြင့်ကာယကံရှင်ကိုယ်တိုင်ရုံးသို့လာရောက်ခြင်း |
| တင်ပြရမည့်နေရာ | နေရပ်လိပ်စာကို စီရင်ပိုင်ခွင့်ရှိHello Work (ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်ခြင်းနောက်ပိုင်းဖြစ်ပါက ထိုထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်ခြင်းအားပြုလုပ်ခဲ့သည့် Hello Work) | |

〈ဥပမာ〉




※ လျှောက်လွှာလျှောက်ထားနိုင်သည့်ကာလဖြစ်သော်လည်း လျှောက်လွှာတင်ရန်နောက်ကျသွားပါက ထောက်ပံ့မှုရရှိမည့်ကာလတိုးမြှင့်ခြင်းကိုပြုလုပ်သော်လည်း အခြေခံခံစားခွင့်အတွက် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်အားလုံးကို ထောက်ပံ့မှုမရရှိနိုင်ခြေရှိသည့်အတွက် သတိပြုပါ။

★ သက်ကြီးရွယ်အိုအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်ကို ထောက်ပံ့သည့် သက်ကြီးရွယ်အိုအလုပ်ရှာဖွေသူအကျိုးခံစားခွင့်ငွေ၊ ကာလတိုအထူးအာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်ကို ထောက်ပံ့သည့် အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေနှင့်ပတ်သက်၍ ထောက်ပံ့မှုရရှိမည့်ကန့်သတ်ချက်ကာလ (ထောက်ပံ့မှုရရှိနိုင်သည့်ကန့်သတ်ချက်ကာလ) တိုးမြှင့်ခြင်းကို မလုပ်ဆောင်နိုင်ပါ။

## ⑪ ပင်စင်နှင့်အတူပေါင်းစပ်ထောက်ပံ့ခြင်းညှိနှိုင်းမှုနှင့်ပတ်သက်၍

65 နှစ်မပြည့်သည့်ပုဂ္ဂိုလ်များကို ထောက်ပံ့မည့်အထူးထောက်ပံ့မှုဖြစ်သည့် သက်ကြီးလူမှုဖူလုံရေးပင်စင်ငွေ၊ အငြိမ်းစားအပြန်အလှန်ကူညီရေးပင်စင်ငွေနှင့် အလုပ်အာမခံမှအခြေခံခံစား ခွင့်တို့ကို တစ်ပြိုင်တည်းတွင် ရရှိနိုင်မည်မဟုတ်ပါ။ အခြေခံခံစားခွင့် ထောက်ပံ့မှုရရှိရန်အတွက် အလုပ်ရှာဖွေမှုလျှောက်လွှာတင်လိုက်ပါက အခြေခံခံစားခွင့်ထောက်ပံ့မှုရရှိခြင်း ပြီးဆုံးသည် အထိကာလအတွင်း သက်ကြီးလူမှုဖူလုံရေးပင်စင်ငွေ၊ အငြိမ်းစားအပြန်အလှန်ကူညီရေးပင်စင်ငွေတို့အတွက် ထောက်ပံ့မှုငွေပမာဏအားလုံးကို ရပ်ဆိုင်းထားပါမည်။

အသေးစိတ်ကို အနီးအနားရှိ **ဂျပန်ပင်စင်အဖွဲ့အစည်း၏ ပင်စင်ရုံးများ**ထံသို့ အတည်ပြုပါ။

## ⑫ အမျိုးသားကျန်းမာရေးအာမခံကြေး(အခွန်) လျှော့ချခြင်းနှင့်ပတ်သက်၍

အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်ခဲ့သူအဖြစ် အခြေခံခံစားခွင့်ကိုရရှိမည့်ပုဂ္ဂိုလ်များတွင် အမျိုးသားကျန်းမာရေးအာမခံကြေး (အခွန်) လျှော့ချခြင်းခံရမည့်စနစ်ရှိပါသည်။ (သက်ကြီးရွယ်အိုထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ၊ အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူသည် လျှော့ချခြင်းစနစ်တွင် အကျုံးမဝင်ပါ)

လျှော့ချခြင်းကိုရရှိရန်အတွက် အစီရင်ခံရန် လိုအပ်ပါသည်။ အသေးစိတ်ကို **နေရပ်လိပ်စာရှိ မြို့နယ်ကျေးရွာတို့မှ အမျိုးသားကျန်းမာရေးအာမခံတာဝန်ရှိသူ**ထံတွင် အတည်ပြုစစ်ဆေးပါ။

## ⑬ ထောက်ပံ့မှုလက်ခံရရှိရန်လုပ်ထုံးလုပ်နည်းအဆင့်ဆင့်

**အလုပ်ထွက်ထားခြင်း**

↓

**အလုပ်ရှာဖွေခြင်းအတွက်လျှောက်လွှာတင်ခြင်းနှင့် ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ခြင်း**

ထောက်ပံ့မှုလက်ခံရရှိရန်လုပ်ထုံးလုပ်နည်းလုပ်ဆောင်ရာတွင် ကာယကံရှင်သည် လိုအပ်သော စာရွက်စာတမ်းများကို Hello Work သို့ယူဆောင်လာခဲ့ပါ။ Hello Work တွင် တင်ပြလာသည့် စာရွက်စာတမ်းစသည်တို့ဖြင့် ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုအတွက် အတည်ပြုစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်တို့ လုပ်ဆောင်ပါမည်။

↓

**အလုပ်အာမခံရှင်းလင်းပွဲ**

ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်စသည့် လိုအပ်သောစာရွက်စာတမ်းများအားလွှဲပေးပါမည်။
တစ်ဖန် အလုပ်အာမခံမှထောက်ပံ့မှုရရှိရန်လုပ်ထုံးလုပ်နည်းများ ဆက်လက်လုပ်ဆောင်နည်းနှင့် အလုပ်ရှာဖွေခြင်း လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြပါမည်။
※အလုပ်အာမခံရှင်းလင်းပွဲသည် စောင့်ဆိုင်းကာလပြီးဆုံးသည့်နောက်မှလည်း ဖြစ်တတ်ပါသည်။

↓

**စောင့်ဆိုင်းကာလပြီးဆုံးခြင်း**

ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုအတွက်အဆုံးအဖြတ်ရယူသည့်နေ့မှစ၍ အလုပ်လက်မဲ့အခြေအနေ စုစုပေါင်း 7 ရက်ကျော်သည်အထိကို "စောင့်ဆိုင်းကာလ" ဟုခေါ် ပြီး ထိုကာလသည် အလုပ်အာမခံထောက်ပံ့ခြင်းအတွက်အကျုံးမဝင်ပါ။

↓

**အကျိုးခံစားခွင့်ကန့်သတ်ချက်**

မိမိအခြေအနေစသည်ကြောင့်အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်သည် စောင့်ဆိုင်းကာလပြီးဆုံးသည့်နောက်တစ်ရက်မှစ၍ နောက်ထပ် 3 လအတွင်း အခြေခံခံစားခွင့် ထောက်ပံ့ခြင်းမခံရပါ။ ဤသည်ကို "အကျိုးခံစားခွင့်ကန့်သတ်ချက်" ဟုခေါ်ပါသည်။

↓

**အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ပေးခြင်း**

ထောက်ခံချက်ပေးသည့်ရက်တိုင်း (ယေဘုယျစည်းမျဉ်းအနေဖြင့် 4 ပတ်လျှင် 1 ကြိမ်) တွင် အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံလွှာကို တင်ပြပါ။
အလုပ်လုပ်နေခြင်း ရှိ/မရှိ၊ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏ အမှန်တကယ်ရလဒ်စသည်တို့ကိုအတည်ပြုစစ်ဆေးပြီး အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ပေးခြင်းကို လုပ်ဆောင်ပါသည်။

↓

**အခြေခံခံစားခွင့်ပေးချေခြင်း**

အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ရရှိခဲ့သည့်နေ့အရေအတွက်စာ၏ အခြေခံခံစားခွင့်ကို သင်၏ပုံမှန်ငွေစုဘဏ်အကောင့်ထဲသို့ လွှဲထည့်ပေးပါမည်။ (ငွေလွှဲထည့်ပြီးသည်အထိ အချိန်ကာလသည် ဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ်မူတည်၍ ကွဲပြားမှုရှိပါသော်လည်း အကြမ်းဖျင်းအားဖြင့် 1 ပတ်ခန့်ကြာမြင့်တတ်သည့်အတွက်ကြောင့် နားလည်ပေးပါ)

↓

**အခြေခံမှုအားဖြင့် 4 ပတ်ကြာတိုင်းတွင် သင့်အတွက်ထောက်ခံချက်ပေးသည့်ရက် သတ်မှတ်ပေးပါမည်။**

***အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းကို အသုံးပြုပါ***

အလုပ်ခေါ်ဆိုမှုရှာဖွေဖတ်ရှုခြင်း၊ အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း စသည်တို့သည် ထောက်ခံချက်ပေးသည့်နေ့အပြင် အခြားရက်များတွင်လည်း အသုံးပြုနိုင်ပါသည်။
တက်ကြွသော အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုဖြင့် 1 ရက်ပဲဖြစ်ဖြစ်မြန်မြန် အလုပ်သစ်ပြန်လုပ်ခြင်းသို့။

↓

**အလုပ်ဝင်ခြင်း**

အလုပ်ပြန်လည်ဝင်ရောက်ခြင်းအတွက် အကျိုးခံစားခွင့်ငွေအနေဖြင့် အလုပ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၊ အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေး၊ အလုပ်အကိုင်ခံစားခွင့်၊ ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်၊ သက်ကြီးရွယ်အို အလုပ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေစသည်တို့ကို လျှောက်ထားနိုင်သည့်အခါများ ရှိပါသည်။

↓

**ထောက်ပံ့မှုပြီးဆုံးခြင်း**

***ထောက်ပံ့မှုပြီးဆုံးသွားသည့်နောက်တွင်လည်း အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းကို အသုံးပြုနိုင် ပါသည်။***
***အားမနာဘဲ Hello Work သို့ ကြွလှမ်းခဲ့ပါ။***

## ⑭ အစောပိုင်းကာလ၏အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခြင်းတွင်ထောက်ပံ့မှုခံရသည့်ခံစားခွင့်

Hello Work တွင် အလုပ်ရှာဖွေမှုလျှောက်ထား (အလုပ်ထွက်ထားကြောင်းကဒ်ပြားတင်ပြခြင်း) ပြီး၊ စောင့်ဆိုင်းကာလကိုကျော်လွန်ပြီးနောက် အစောပိုင်းကာလတွင် တည်ငြိမ်မှုရှိသည့်အလုပ်သို့ဝင်ရောက်ခဲ့သည့်( ※ )ပုဂ္ဂိုလ်များသို့ **အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်**ကို ထောက်ပံ့ပါမည်။ အလုပ်ဝင်သည့်ရက်၏ ရှေ့တစ်ရက်အထိ အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းကိုရရှိထားပြီး ထောက်ပံ့မှုရရှိမည့်ကာလအတွင်းတွင်ကျန်ရှိနေသည့်အခြေခံခံစားခွင့်၏ ထောက်ပံ့မှုရက်အရေအတွက် (ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေ အတွက်) သည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 1 ပုံနှင့်အထက် " 3 ပုံ 2 ပုံနှင့်အထက်" ရှိပါက ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်၏ 60 ရာခိုင်နှုန်း "70 ရာခိုင်နှုန်း" နှင့်ညီမျှသောရက်အရေအတွက်တွင် အခြေခံခံစားခွင့်တစ်ရက်ပမာဏကို မြှောက်ထားသည့်ပမာဏ (1 ယန်းမပြည့်သည့်ပမာဏကို ဖြတ်တောက်ပါမည်) ကို ထောက်ပံ့မှု ရရှိနိုင်ပါသည်။ ထောက်ပံ့မှုရရှိရန်အတွက် သတ်မှတ်ထားသော လိုအပ်ချက်များ ပြည့်မီရန်လိုအပ်ပါသည်။

※ အလုပ်အာမခံတွင် အာမခံထားရှိသူဖြစ်လာသည့်အခြေအနေနှင့် အလုပ်ရှင်ဖြစ်လာပြီး အလုပ်အာမခံတွင် အာမခံထားရှိသူကို အလုပ်ခန့်ရသည့်အခြေအနေစသည်။

တစ်ဖန် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှုခံစားခွင့်အတွက် ထောက်ပံ့မှုကိုရရှိခဲ့သူသည် ဆက်လက်၍ ထိုအလုပ်အသစ်နေရာတွင် 6 လနှင့်အထက်အလုပ်ခန့်အပ်ခြင်းခံရပြီး အလုပ်အသစ်နေရာတွင် 6 လအတွင်းပေးချေခံခဲ့ရသည့်လုပ်အားခသည် အလုပ်အာမခံအကျိုးခံစားခွင့်မရရှိမီ၏လုပ်အားခနှင့်နှိုင်းယှဉ်သည့်အခါ နိမ့်ကျနေပါက **အလုပ်အကိုင်မြင့်တင် ရေး သတ်မှတ်ထားသည့်ထောက်ပံ့ကြေး**အကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။

ထို့နောက် ထောက်ပံ့မှုရရှိမည့်ကာလအတွင်းတွင် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 1 ပုံနှင့်အထက် နှင့် 45 ရက်နှင့်အထက်ကို ချန်လုပ်ထားပြီး အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့ခြင်းနှင့်အကျုံးဝင်မှုမဖြစ်သည့် ပုံမှန်အလုပ်အကိုင်ခန့်အပ်မှုစသည်မှအပ အခြားပုံစံများ (1 နှစ်ကိုကျော်လွန်ဖွယ်မရှိသော အလုပ်အကိုင်ခန့်အပ်မှု) ဖြင့်အလုပ်ဝင်ခဲ့ပါက ထိုအလုပ်ဝင်ခဲ့သည့်ရက်တိုင်းတွင် အခြေခံခံစားခွင့်တစ်ရက်ပမာဏ၏ 3 ရာခိုင်နှုန်း (1 ယန်းမပြည့်သည့်ပမာဏကို ဖြတ်တောက်ပါမည်) **အလုပ်ဝင်မှုခံစားခွင့်**ကို ထောက်ပံ့ခြင်းခံရပါမည်။

တစ်ဖန် မည်သည့်ခံစားခွင့်မဆို အသက်အလိုက် အခြေခံခံစားခွင့်တစ်ရက်ပမာဏတွင် အများဆုံးကန့်သတ်ပမာဏ ရှိပါသည်။

**အလုပ်ထွက်ရခြင်းအကြောင်းပြချက်များကြောင့် အကျိုးခံစားခွင့်မှကန့်သတ်ခံထားရသည့်ပုဂ္ဂိုလ်များသည် စောင့်ဆိုင်းကာလပြီးဆုံးပြီးနောက် 1 လအတွင်းတွင် Hello Work သို့မဟုတ် အလုပ်မိတ်ဆက်ပေးသည့်အလုပ်ရှင်၏မိတ်ဆက်ပေးမှုဖြင့် အလုပ်ဝင်ခဲ့သည့်အခြေအနေတွင်သာလျှင် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၊ အလုပ်ဝင်မှုခံစားခွင့်ကို ထောက်ပံ့မှုခံရပါမည်။**

အထက်ပါခံစားခွင့်များအပြင်လည်း "ပုံမှန်အလုပ်ဝင်ရောက်မှုကြိုတင်ပြင်ဆင်ခြင်းခံစားခွင့်" ရှိပါသည်။
မည်သည့်ခံစားခွင့်မဆို ထောက်ပံ့မှုလိုအပ်ချက်စသည့်အသေးစိတ်နှင့်ပတ်သက်၍ Hello Workသို့ စုံစမ်းမေးမြန်းပါ။

### 60နှစ်ကျော်ပြီးနောက်တွင် အလုပ်အသစ်သို့ဝင်ရောက်ခဲ့သည့်ပုဂ္ဂိုလ်များအတွက်...

သတ်မှတ်ထားသည့်လိုအပ်ချက်များပြည့်စုံထားသည့် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့် （※）အလုပ်အာမခံတွင် အာမခံထားရှိသူများအတွက် သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်ကို ထောက်ပံ့ခြင်းခံရပါမည်။ ※သင်္ဘောသားများနှင့်ပတ်သက်၍ မွေးသက္ကရာဇ်ပေါ်မူတည်၍ 55 နှစ်နှင့်အထက် 60 နှစ်မပြည့်သည့် အခါမျိုးရှိနိုင်ပါသည်။

သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်တွင် **သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအခြေခံအကျိုးခံစားခွင့်ငွေ** နှင့် **သက်ကြီးရွယ်အိုအလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေ** ဟူ၍ အမျိုးအစား2မျိုး ရှိပါသည်။

သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအခြေခံအကျိုးခံစားခွင့်ငွေသည် အလုပ်အာမခံမှ အခြေခံခံစားခွင့်စသည့် (အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့် အခြေခံခံစားခွင့် ကိုထောက်ပံ့ခဲ့သည်ဟုယူဆရသည့် အကျိုးခံစားခွင့်ပါဝင်သည်) ထောက်ပံ့ခြင်းကိုမရရှိဘဲ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခဲ့သည့်ပုဂ္ဂိုလ်များ အကျုံးဝင်သည့် အကျိုးခံစားခွင့်ငွေဖြစ်ပါသည်။ 60နှစ်ပြည့်ပြီးနောက်၏ တစ်လချင်းစီ၏ လုပ်အားခသည် 60နှစ်ပြည့်သည့်အချိန်၏ လုပ်အားခနှင့်နှိုင်းယှဉ်လျှင် 75%မပြည့်ပါက ထောက်ပံ့ခြင်းခံရပါမည် (ထောက်ပံ့မှုပမာဏသည် လတိုင်းတွင်ပေးချေခြင်းခံရသည့် လုပ်အားခ၏ 15%အဖြစ် ကန့်သတ်ထားပြီး လုပ်အားခ၏ကျဆင်းမှုနှုန်းနှင့်လိုက်၍ ပေးချေခြင်းခံရပါမည်)။

သက်ကြီးရွယ်အိုအလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေသည် အလုပ်ထွက်ပြီးနောက်တွင် အခြေခံခံစားခွင့်မှ ထောက်ပံ့မှုရရှိနေသည့် 60နှစ်နှင့်အထက် 65နှစ်မပြည့်သည့်ပုဂ္ဂိုလ်များသည် ထောက်ပံ့မှုရက်အရေအတွက် 100ရက်နှင့်အထက်ကျန်ရှိနေသည့်အခြေအနေတွင် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက် (1နှစ်ကျော်အလုပ်လုပ်ရန်အစီအစဉ်ရှိခြင်း) ပြီး အလုပ်အသစ်သို့ဝင်ရောက်ပြီးနောက်၏ လစဉ်လုပ်အားခသည် လုပ်အားခတစ်ရက်ပမာဏ၏ 30ရက်စာနှင့် နှိုင်းယှဉ်လျှင် 75%မပြည့်ပါက ထောက်ပံ့ခြင်း ခံရပါမည် (ထောက်ပံ့မှုပမာဏသည် လတိုင်းတွင်ပေးချေခြင်းခံရသည့် လုပ်အားခ၏ 15%အဖြစ် ကန့်သတ်ထားပြီး လုပ်အားခ၏ကျဆင်းမှုနှုန်းနှင့်လိုက်၍ ပေးချေခြင်းခံရပါမည်)။ သို့သော် အလုပ်ပြန်လည်ဝင်ရောက်မှုခံစားခွင့် (အထက်ပါ⑭) နှင့် တစ်ပြိုင်တည်းရရှိနိုင်မည်မဟုတ်ပါ။

**အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှု၏ ပထမခြေလှမ်းသည် ပထမဦးစွာ မိမိကိုယ်ကိုယ်ကောင်းစွာ သိခြင်းမှ စတင်ပါသည်။**
**Hello Workတွင် ယခုထက်ထိလုပ်ခဲ့သည့်အလုပ်အတွေ့အကြုံများကို စာရင်းပြုစုခြင်းစသည်၊ ဆန္ဒရှိသည့်အလိုက် အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များပေးအပ်ခြင်း၊ အလုပ်လျှောက်ထားသည့်စာရွက်စာတမ်းများပြုလုပ်မှုအကြံပေးခြင်း၊ အလုပ်မိတ်ဆက်ပေးခြင်းစသည့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။**

**အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှု အတွက် Hello Workကို အသုံးပြုပြီး အလုပ်ဆွေးနွေးတိုင်ပင်မှုကို ပြုလုပ်ကြရအောင်!!**

# အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းလမ်းညွှန်

အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းကို မည်သည့်Hello Workတွင်မဆို လက်ခံလျက်ရှိပါသည်။
သို့သော် အလုပ်အာမခံထောက်ပံ့မှုရရှိရန်လုပ်ထုံးလုပ်နည်းစသည်ကို လုပ်ဆောင်လိုပါက နေရပ်လိပ်စာကို စီရင်ပိုင်ခွင့်ရှိ Hello Workတွင်သာ လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရန် လိုအပ်သည်။

## ~ 2020 ခုနှစ် 1 လ 6 ရက်မှစ၍ အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းနည်းလမ်းသည် ပြောင်းလဲပါမည် ~

**လျှောက်လွှာတင်ခြင်းနည်းလမ်း① : Hello Workအတွင်းတွင် တပ်ဆင်ထားသည့် ကွန်ပျူတာ (ရှာဖွေခြင်း၊ မှတ်ပုံတင်ခြင်းအတွက်ကွန်ပျူတာအစုံလိုက်)** ဖြင့် အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းအချက်အလက်များကို ထည့်သွင်းပြီး (ယာယီမှတ်ပုံတင်ခြင်း) နောက်တွင် ကောင်တာတွင် လျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါမည်။

※ အလုပ်ရှာဖွေမှုလျှောက်လွှာစာရွက် (လက်ရေးဖြင့်ဖြည့်ရသည့်ပုံစံ) ကိုလည်း ပြင်ဆင်ထားပါသည်။

**လျှောက်လွှာတင်ခြင်းနည်းလမ်း② :မိမိအိမ်မှ ကွန်ပျူတာများ၊ tabletများ၊ စမတ်ဖုန်းများ**မှ "Hello Work Internet Service" သို့ဝင်ရောက်ပြီး ကြိုတင်၍ အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းအချက်အလက်များကို ထည့်သွင်းပြီး (ယာယီမှတ်ပုံတင်ခြင်း) နောက်တွင် Hello Workသို့သွားရောက်၍ လျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါမည်။

※ ထည့်သွင်းခြင်း (ယာယီမှတ်ပုံတင်ခြင်း) ပြီးဆုံးပြီးနောက် **14ရက်အတွင်း** (နောက်ဆုံးရက်သည် ရုံးပိတ်ရက်ဖြစ်ပါက ရုံးပိတ်ရက်မတိုင်မီရှေ့တစ်ရက်) တွင် Hello Work သို့လာရောက်ပါ။

※ မိမိအိမ်စသည်တွင် ကြိုတင်၍ယာယီမှတ်ပုံတင်ခြင်းဖြင့် Hello Workသို့လာရောက်နိုင်သည့်အချိန်တွင် ချောချောမွေ့မွေ့ဖြင့် လုပ်ထုံးလုပ်နည်းများကိုလုပ်ဆောင်နိုင်ပါမည်။

## အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းအဆင့်ဆင့်

① Hello Workအတွင်းရှိ ကွန်ပျူတာ (ရှာဖွေခြင်း၊ မှတ်ပုံတင်ခြင်းအတွက်ကွန်ပျူတာအစုံလိုက်) ဖြင့် အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းအချက်အလက်များကို ထည့်သွင်းခြင်း (ယာယီမှတ်ပုံတင်ခြင်း)
※ "အလုပ်ရှာဖွေမှုလျှောက်လွှာစာရွက်" (လက်ရေးဖြင့်ဖြည့်ရသည့်ပုံစံ) ကိုလည်း ပြင်ဆင်ထားပါသည်။

② မိမိအိမ်မှ ကွန်ပျူတာများ၊ tabletများ၊ စမတ်ဖုန်းများမှ "Hello Work Internet Service" သို့ဝင်ရောက်ပြီး အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းအချက်အလက်များကို ထည့်သွင်းခြင်း (ယာယီမှတ်ပုံတင်ခြင်း)

※ ထည့်သွင်းခြင်း ပြီးဆုံးပြီးနောက် **14ရက်အတွင်း**တွင် Hello Work သို့

<ကောင်တာ>

↓

အလုပ်ရှာဖွေမှုလုပ်ထုံးလုပ်နည်းများကိုလုပ်ဆောင်ခြင်း
(လျှောက်လွှာအကြောင်းအရာနှင့်ဆန္ဒရှိသည့်သတ်မှတ်ချက်များကိုအတည်ပြုစစ်ဆေးခြင်းစသည်)

↓

အလုပ်ရှာဖွေမှုလျှောက်လွှာတင်ခြင်းလက်ခံမှုပြီးဆုံးခြင်း (Hello Work၏လက်ခံစာရွက်ကိုထုတ်ပေးခြင်း)

↓

(ဆန္ဒရှိပါက) အလုပ်ရှာဖွေသူMy Pageကို ဖွင့်ပေးခြင်း

↓

အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များပေးအပ်ခြင်း၊ အလုပ်လျှောက်ထားသည့်စာရွက်စာတမ်းများပြုလုပ်မှုအကြံပေးခြင်း၊ အလုပ်မိတ်ဆက်ပေးခြင်းစသည့် အမျိုးမျိုးသောဝန်ဆောင်မှုများကို အသုံးပြုနိုင်ပါသည်။

## အလုပ်ရှာဖွေသူMy Pageလမ်းညွှန် (2020 ခုနှစ် 1 လ 6 ရက် ~)

Hello Work Internet Serviceအပေါ်တွင် **"အလုပ်ရှာဖွေသူMy Page"** ကို ဖွင့်လိုက်ပါက မိမိအိမ်ရှိကွန်ပျူတာ၊ tablet၊ စမတ်ဖုန်းတို့မှ အောက်ပါဝန်ဆောင်မှုများကိုအသုံးပြုနိုင်ပြီး၊ အလုပ်ရှာဖွေခြင်းသည်ပို၍အဆင်ပြေလာပါမည်။ ဖွင့်ရန်ဆန္ဒရှိသည့်ပုဂ္ဂိုလ်များသည် 2020ခုနှစ်1လ6ရက်နောက်ပိုင်းတွင် ကောင်တာသို့ လျှောက်ထားပါ။

○ **အလုပ်ခေါ်ယူခြင်းရှာဖွေမှုသတ်မှတ်ချက်များနှင့် သဘောကျသည့်အလုပ်ခေါ်ယူခြင်းများကို သိမ်းဆည်းထား**နိုင်ပါသည်။

○ Hello Workတွင် မိတ်ဆက်ပေးခဲ့သည့် အလုပ်ခေါ်ယူခြင်းအကြောင်းအရာနှင့် အလုပ်လျှောက်ခြင်းမှတ်တမ်းကို အတည်ပြုစစ်ဆေးနိုင်ပါသည်။

○ Messageလုပ်ဆောင်ချက်ဖြင့် အလုပ်လျှောက်ထားခဲ့သည့်အလုပ်ခေါ်ယူခြင်းမှ တာဝန်ခံနှင့် စာပေးစာယူဆက်သွယ်နိုင်ပါသည်။ Hello Workမှ အလုပ်ရှာဖွေမှုသတင်းအချက်အလက်များနှင့် အသိပေးကြေညာချက်များကို ပေးပို့သည့်အခါများလည်း ရှိပါသည်။

<သတိပြုရမည့်အချက်များ>

- အလုပ်ရှာဖွေသူMy Page သည် Hello Workနှင့် Hello Work Internet Serviceကိုအသုံးပြုပြီးအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုများကို ပြုလုပ်ရန်ရည်ရွယ်သူများကို ပစ်မှတ်ထား၍ အလုပ်ခေါ်ယူမှုသတင်းအချက် အလက်များရှာဖွေခြင်း၊ ကြည့်ရှုခြင်းများစသည့်အလုပ်ရှာဖွေခြင်းအတွက် လိုအပ်သည့်ဝန်ဆောင်မှုများကို ပေးအပ်သည့် အရာဖြစ်ပါသည်။
- "အလုပ်ရှာဖွေသူMy Page" ကို ဖွင့်ရန်အတွက် Hello Work တွင် အလုပ်ရှာဖွေမှုမှတ်ပုံတင်ရန်လိုအပ်ပါသည်။ အလုပ်ရှာဖွေမှု သက်တမ်းကုန်သွားပါက ဝန်ဆောင်မှုတစ်ချို့ ကိုအသုံးပြုနိုင်မည်မဟုတ်ပါ။
- My Pageကို ဖွင့်ရန်အတွက် Login accountအဖြစ်အသုံးပြုမည့် email address (ကွန်ပျူတာ၊ စမတ်ဖုန်းစသည်) လိုအပ်သည့်အတွက်ကြောင့် ကောင်တာတွင်မှတ်ပုံတင်ပါ။ တစ်ဖန်အသုံးပြုမှုစည်းမျဉ်းများနှင့် Privacy Policyကို သဘောတူရန်လိုအပ်ပါသည်။

# ဆက်သွယ်ရန်နေရာများ စာရင်း

**နေအိမ်နှင့်နီးရာ Hello Work ကို အောက်ပါ ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါသည်။**

**https://www.mhlw.go.jp/content/000637894.pdf**

**စကားပြန်ရှိသည့် Hello Work ကို ရှာဖွေရန်**

**https://www.mhlw.go.jp/content/000592865.pdf**

**အလုပ်ဆိုင်ရာသတ်မှတ်ချက်နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးလိုသည့်အခါ**

**https://www.check-roudou.mhlw.go.jp/soudan/foreigner_eng.html**